အသင်တို့သည် မုအ်မင်န် မဖြစ်သေးသမျှ ကာလပတ်လုံး

ဂျန္နသ်သို့ဝင်ရောက်ရမည်မဟုတ်။ အသင်တို့အချင်းချင်းချစ်ခင်မှုမရှိသေးသမျှကာလပတ်လုံး

မုအ်မင်န်ဖြစ်မည်မဟုတ်။ ငါကိုယ်တော်

အသင်တို့အားကိစ္စတစ်ခုကို မညွှန်ပြပေးရဘူးလား။

ထိုကိစ္စကို ပြုလုပ်ခြင်းဖြင့် အသင်တို့အချင်းချင်းချစ်ခင်မှုရကြလိမ့်မည်။ ၎င်းမှာ အသင်တို့ကြား၌

စလာမ်များများပေးကြပါ။

အဗူဟုရိုင်ရဟ် (ရဿွိယလ္လာဟုအန်ဟု)က ဆင့်ပြန်ခဲ့သည်။
အလ္လာဟ်အရှင်မြတ်၏ရစူလ်တမန်တော် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)
မိန့်ကြားတော်မူသည်။ အသင်တို့သည် မုအ်မင်န် မဖြစ်သေးသမျှ ကာလပတ်လုံး
ဂျန္နသ်သို့ဝင်ရောက်ရမည်မဟုတ်။ အသင်တို့အချင်းချင်း
ချစ်ခင်မှုမရှိသေးသမျှကာလပတ်လုံး မုအ်မင်န်ဖြစ်မည်မဟုတ်။ ငါကိုယ်တော်
အသင်တို့အားကိစ္စတစ်ခုကို မညွှန်ပြပေးရဘူးလား။ ထိုကိစ္စကို ပြုလုပ်ခြင်းဖြင့်
အသင်တို့အချင်းချင်း ချစ်ခင်မှုရကြလိမ့်မည်။ ၎င်းမှာ အသင်တို့ကြား၌
စလာမ်များများပေးကြပါ။ [صحيح] [رواه مسلم]

တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)က မုအ်မင်န်များသာ လျှင် ဂျန္နသ်သို့ဝင်ရောက်ရမည်ဖြစ်ကြောင်းနှင့် မွတ်စ်လင်မ်အချင်း ချင်း ချစ်ခင်မှု မရှိသေးသမျှအီမာန်လည်း ပြည့်ဝနိုင်မည် မဟုတ်သလို မွတ်စ်လင်မ်လူ့အဖွဲ့အစည်း၏ အခြေအနေသည်လည်းကောင်းမွန်လာမည် မဟုတ်ကြောင်း ရှင်းပြတော်မူခဲ့သည်။ ထို့နောက် တမန်တော်မြတ် (ဆွလ္လလ္လာဟုအလိုင်းဟိဝစလ္လမ်)သည် ချစ်ခင်မှုရရှိစေမည့် အကောင်းဆုံးကိစ္စကိုညွှန်ပြတော်မူခဲ့သည်။ ထိုကိစ္စမှာ မွတ်စ်လင်များကြား၌စလာမ်များများပေးခြင်းဖြစ်ပြီး အလ္လာဟ်အရှင်မြတ်သည် စလာမ်ပေးခြင်းကိုမိမိ၏ကျေးကျွန်များအတွက်နှုတ်ခွန်းဆက်စကားအဖြစ်ပြုလုပ်ပေးထားသည်။

http://www.sunnah.global/hadeeth/my/show/3361